စကျင်ကျေးရွာ

ကန့်ဘလူမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၈-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စကျင်ကျေးရွာ၊ကန့်ဘလူမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ကန့်ဘလူမြို့နယ်မှ ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၃
စကျင်ကျေးရွာ သယံဇာတပြမြေပုံ၊ ကန့်ဘလူမြို့နယ်	၅
စကျင်တာကျေးရွာ ရာသီခွင်ပြပြက္ခဒိန်၊ ကန့်ဘလူမြို့နယ်	၆
၁။ တည်နေရာနှင့်ပထဝီဝင် အနေအထား	၇
၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၇
၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၇
၄။ စီးပွါးရေးနှင့်အသက်မွေးမှုအခြေအနေ	၈
(က) သီးနှံစိုက်ပျိုးမှု	၈
(ခ) မွေးမြူရေးလုပ်ငန်း	၉
(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၉
(ဃ) စီးပွါးရေးနှင့်ကူးသန်းရောင်းဝယ်ရေး	၁၀
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၀
၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၁
(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၁
(ခ) ကျေးရွာမီးလင်းရေး	၁၁
(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၂
၆။ ပညာရေး	၁၂
၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၃
၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၄
၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၄

နောက်ဆက်တွဲ ၁၅
နောက်ဆက်တွဲ(က)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယား ၁၅
နောက်ဆက်တွဲ(ခ) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၂၇
နောက်ဆက်တွဲ(ဂ) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) ၂၈
နောက်ဆက်တွဲ(ဃ)ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) ၃၀
နောက်ဆက်တွဲ(င) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) ၃၂

စကားရှိုး

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၈/၂၀၁၉ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့မြေမွန်ကျေးရွာအုပ်စု၊ စကျင်ကျေးရွာတွင် ကျေးရွာ၏ပထမဦးဆုံးသော ကျေးရွာမှလူထု ကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာ ဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်နည်းကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူပေါင်း ဆောင်ရွက်သည့် နည်းလမ်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုး ပေးသည့် အစီအစဉ်ရေးဆွဲရေး ကျမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့ကို အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကို လည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရ ပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်

ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်မိပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည် ပါသည်။


ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယား၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကျင်ကျေးရွာ

မြေမွန်ကျေးရွာအုပ်စု

ကန့်ဘလူမြို့နယ်



အဖြစ်အပျက်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု												
အလုပ်အကိုင်	—	ထိုက်ပျိုး	ထိုက်ပျိုး	ပေါင်းသင်	လယ်စိုက်	ပဲစိုက်	အောက်တရာ၊	မြေပြင်၊	ရိတ်သိမ်း၊	ရိတ်သိမ်း၊	ရိတ်သိမ်း၊	—
လက်လုပ်လက်စား၊ ဝင်ငွေရရှိမှု အနည်းအများ	—	၃၅၀၀.	၃၅၀၀	၃၅၀၀	၃၅၀၀	၃၅၀၀	၃၅၀၀	၃၅၀၀	၃၅၀၀	၃၅၀၀	၃၅၀၀	—
အသုံးစရိတ်	နည်း၊	များ၊	များ၊	များ၊	များ၊	များ၊	များ၊	များ၊	များ၊	များ၊	များ၊	များ၊
ချေးငွေလိုအပ်မှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ
ဝမ်းစာဖူလုံမှု	မရှိ	မရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	မရှိ
တိရစ္ဆာန်အစာရရှိမှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ
တိရစ္ဆာန်ရောဂါကျရောက်မှု	ရှိ	ရှိ	ရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ
ကျောင်းစာရေး အခြေအနေ	←	—	ရှိ	ရှိ	ရှိ	—	—	ရှိ	—	—	ရှိ	—
သီးနှံပိုးမွှားကျရောက်မှု	—	—	မြပိုး	ရွက်ပိုး၊	မြစ်ပိုး	ဒုံစားပိုး	—	—	—	—	—	—
ပွဲတော်	[illegible]	[illegible]	—	ပဒိုးကပ်	ဘုရားပွဲ	—	မီးထွန်းပွဲ	ကထိန်ပွဲ	—	—	အလှူပွဲ	အလှူပွဲ
သဘာဝဘေးအန္တရာယ်ကျရောက်မှု	ရှိ	ရှိ	ရှိ	—	—	—	—	—	—	—	—	—

ဇလကြပ်သာကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

စကျင်ကျေးရွာသည် မြေမွန်ကျေးရွာအုပ်စုတွင်ပါဝင်ပြီး ကန့်ဘလူမြို့နယ်၏ အရှေ့တောင်ဘက် မြောက်လတ္တီကျူ ၂၂.၉၄၃၆နှင့် အရှေ့လောင်ဂျီကျူ၉၅.၇၇၃၇ အကြားတွင်တည်ရှိပါသည်။ အရှေ့မှအနောက်သို့(၁)မိုင်နှင့် တောင်မှမြောက်သို့(၁)မိုင် ရှည်လျားပါသည်။ ကန့်ဘလူမြို့မှ (၄၀)မိုင် ကွာဝေးပါသည်။ ဘူးကုန်းကျေးရွာ၏အရှေ့ဘက်၊ ရွှေပြည်လင်းကျေးရွာ၏အနောက်ဘက်၊ မြေမွန်ကျေးရွာ၏ တောက်ဘက်နှင့် တရော်ကိုင်းကျေးရွာ၏ မြောက်ဘက်တို့နှင့် ဆက်စပ်လျက်ရှိပါသည်။ စကျင်ကျေးရွာ၏ဘေးပတ်လည်တွင် မြေပြန့်နှင့် လယ်ကွင်းများရှိပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းမြစ်များ

စကျင်ကျေးရွာတွင် ပူအိုက်စိုစွတ်သောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် (၃၇)ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် (၂၁)ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ စကျင်တာကျေးရွာတွင် သဘာဝအရင်းအမြစ်မရှိပါ။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

စကျင်ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေအသင့်အတင့်ရှိပါသည်။ကျေးရွာ၏လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက်ရည်ရွယ်၍ ကျေးရွာတွင်း အဖွဲ့အစည်း များဖွဲ့စည်းထားရှိပါသည်။ ထိုအဖွဲ့အစည်းများမှာ အရံမီးသတ်တပ်အဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၊ ပညာရေးကော်မတီအဖွဲ့၊ ဓမ္မစကူးလ်ဖောင်ဒေးရှင်းအဖွဲ့၊ လူမှုကူညီရေးအဖွဲ့၊ စာကြည့်တိုက်အဖွဲ့၊ သက်ကြီးပူဇော်ဖြစ်မြောက်ရေးအဖွဲ့ စသည်ဖြင့်ဖွဲ့စည်းထားသော်လည်း အဖွဲ့အစည်းအချင်းချင်းချိတ်ဆက်မှု အားနည်းလျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ပြီးရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေး

လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှု

(က) သီးနှံစိုက်ပျိုးမှု

စကျင်ကျေးရွာတွင် လယ်မြေ (၆၄၂) ဧက၊ ယာမြေ (၅၁၇၆)ဧကနှင့် ဥယျာဉ်ခြံမြေ (၇)ဧက ရှိပါသည်။ (၂.၅ဧကအောက်)တောင်သူများနှင့် (၂.၅ဧကမှ၅ဧကထိ) တောင်သူဦးရေ နည်းပါးပြီး တောင်သူကြီးဦးရေ အသင့်အတင့်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများမှာ ကျေးရွာရှိစုစုပေါင်းအိမ်ထောင်စု၏ (၅၆%) ရှိပါသည်။

မြေယာမဲ့အိမ်ထောင်စုများမှာ စုစုပေါင်းအိမ်ထောင်စု၏ (၄၄%)ရှိသဖြင့် ကျေးရွာတွင် ဆင်းရဲသည့်အိမ်ထောင်စု များပြားပါသည်။ မြေယာမဲ့များအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့်အတွက် ကျေးရွာတွင် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်နေပါသည်။ လမ်းပန်းဆက်သွယ်ရေး မကောင်းသည့်အတွက် ဒေသထွက်စိုက်ပျိုးသီးနှံများကို အရောင်းအဝယ်နှောင့်နှေးခြင်းများ ဖြစ်သောကြောင့် ကျေးရွာအတွင်း၌ ဝမ်းစာဖူလုံရုံမျှသာရှိပြီး ဈေးကွက်သို့တင်ပို့ ရောင်းချနိုင်ခြင်းမရှိပေ။

အဓိကစိုက်ပျိုးသည့်သီးနှံမှာ စပါးနှင့်ပဲမျိုးစုံဖြစ်ပြီး ရာသီသီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။ စပါးနှင့်ပဲမျိုးစုံကိုသာစိုက်ပျိုသောကြောင့် စားဝတ်နေရေးတွင် ပိုလျှံမှုနည်းပါးခြင်း၊ ရာသီဥတုကြောင့် ဓါတ်မြေဩဇာ လိုအပ်နေသည့်အချိန်တွင် သဘာဓါတ်မြေဩဇာကိုသာ အသုံးပြုရသည့်အတွက်(၁)ဧကစီ၏ အထွက်နှုန်းမှာလည်း ပုံမှန်ထက်လျော့ကျနေခြင်း၊ ရေအရင်းအမြစ်နှင့် ရာသီဥတုမျှတစွာ မရှိခြင်းတို့ကြောင့် လယ်သမားများ၏ ကုန်ထုတ်လုပ်မှုမှာလည်း နည်းပါးနေပါသည်။ စိုက်ပျိုးသည့် လယ်မြေများသည် မြေဆီလွှာများပြုပြင်မှု အားနည်းခြင်း၊ သီးနှံပိုးမွှားရောဂါကျရောက်ခြင်း၊ စိုက်ပျိုးရေး နည်းလမ်းကောင်းများ အသုံးမပြုနိုင်ခြင်းများ ရှိသည့်အတွက် ဈေးကွက်မမီသည့် သီးနှံများဖြစ်ပေါ်လျက် ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် နည်းပညာပေးသင်တန်း ဖွင့်လှစ်ပို့ချရန်လိုအပ်ပါသည်။ သီးနှံအထွက်တိုး စေရန်အတွက် မိုးရေကို အဓိကထားပြီး၊ လယ်ယာမြေအသုံးချနိုင်မှု အသင့်အတင့်အခြေအနေတွင်ရှိပါသည်။ ပိုးမွှားရောဂါ

ကျရောက်ခြင်း၊ စိုက်ပျိုးမြေ မလုံလောက်သည့်အတွက် စိုက်ပျိုးမြေမတိုးချဲ့နိုင်ခြင်း၊ လယ်ယာသုံး စက်ကိရိယာများ မလုံလောက်ခြင်း၊ အလုပ်သမား မလုံလောက်သည့်အတွက် သိမ်းဆည်းချိန်၌ နှောင့်နှေးခြင်းစသည့် အခက်အခဲများရှိနေပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

စကျင်ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁၉၈) အိမ်ရှိပြီး နွားကောင်ရေ (၁၃၉၃)ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု(၉)မှ(၁၆၈)ကောင်၊ ဆိတ်မွေးမြူထားသည့် အိမ်ထောင်စု(၂)မှ(၅၅)ကောင်၊ ဝက် မွေးမြူထားသည့် အိမ်ထောင်စု(၉၅)မှ (၂၇၄)ကောင်၊ ကြက် မွေးမြူထားသည့် အိမ်ထောင်စု (၃၁၁)မှ (၂၅၇၅)ကောင်နှင့် ဘဲမွေးမြူထားသည့် အိမ်ထောင်စု (၆)မှ (၅၄)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ ကျွဲနွားများကို စီးပွားဖြစ်မွေးမြူခြင်း မဟုတ်ဘဲ ခိုင်းစေရန်သာမွေးမြူ ထားကြခြင်းဖြစ်သည်။ အသား အတွက်ကိုမူ ဝက်နှင့်ကြက်ကိုသာ အများဆုံးမွေးမြူထားကြပြီး တစ်နိုင်တစ်ပိုင် မွေးမြူ ထားကြခြင်းဖြစ်သည်။ ရေလုပ်ငန်းတွင်လည်း မြစ်ချောင်းများနှင့်ဝေးကွာသောကြောင့် ငါးလုပ်ငန်း များမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးအဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

စကျင်ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများမှာ ၊ကုန်စုံဆိုင်၊ လယ်ယာ စိုက်ပျိုးရေးအတွက် အငှားလုပ်ကိုင်သူ၊ ပန်းရံအငှားလုပ်ကိုင်သူများဖြစ်ပါသည်။ အလုပ် အကိုင်အခွင့်အလမ်းများလည်းရှားပါးသည်ဟုဆိုနိုင်ပါသည်။လမ်းပန်းဆက်သွယ်ရေးအခြေ အနေမှာ ကောင်းမွန်သည့်အနေအထားမဟုတ်သော်လည်း သွားလာရ အဆင်ပြေပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း၏ အဓိကပြဿနာမှာ ကျေးရွာတွင် နေထိုင်သူများသည် ရွှေ့ပြောင်းလုပ်ကိုင်ကြသဖြင့် လုပ်သားအင်အားရှားပါးခြင်း၊ လမ်းပန်း ဆက်သွယ်ရေးသည်လည်း နွေရာသီတွင် သွားလာရ အဆင်ပြေသော်လည်း မိုးရာသီတွင် မြေသား လမ်းများဖြစ်သည့်အတွက်သွားလာရခက်ခဲခြင်း၊ လျှပ်စစ်မီး မရရှိသေးခြင်း စသည်တို့ကြုံတွေ့ နေရပါသည်။အဆင်ပြေသည့်အိမ်ထောင်စုများမှာသားသမီးများသာအသက်မွေးဝမ်းကျောင်း ပညာများ သင်ယူရန်ကုန်ကျစရိတ်မတတ်နိုင်သည့်အတွက် ဆင်းရဲသားမိသားစုများအနေဖြင့် အသက်မွေး

ဝမ်းကျောင်းပညာ သင်ယူနိုင်သည့် အခွင့်အလမ်းနည်းပါးပါသည်။ ထို့ကြောင့် ကျေးရွာတွင်ရှိသော အမျိုးသမီး/သားငယ်များအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချရန် လိုအပ်ပါသည်။

(ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

စကျင်ကျေးရွာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ဆန်းစပါးနှင့် ပဲမျိုးစုံသည် အဓိကဖြစ်သောပြီး ကန့်ဘလူမြို့နှင့် အလှမ်းကွာဝေးသော်လည်း ဇီးကုန်းဈေးသည် ကျေးရွာနှင့်(၂၀)မိုင်ကျော်သာ ကွာဝေးသဖြင့် ထွက်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

စကျင်ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမချေးငွေမှ ကာလတို ချေးငွေများသာ ရရှိပါသည်။ အချို့ တောင်သူများမှာ ပုံစံ(၇)များရရန် ခက်ခဲသည့်အတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ ချေးယူရန်ခက်ခဲသည့် အိမ်ထောင်စုများလည်းရှိပါသည်။ သမဝါယမချေးငွေသည်လည်း အသင်းဝင်ထားသူများသာ ချေးသည့်အတွက် အသင်းဝင်ထားခြင်း မရှိသူများ ချေးခြံမရသည်များလည်းရှိပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ငွေကြေးမလုံလောက်သည့်အတွက် ချေးငွေပြန်ဆပ်ချိန်တွင် အချိန်မီ ပြန်ဆပ်နိုင်ခြင်းမရှိပါ။ ထို့ကြောင့်ကာလရှည် ချေးငွေများချေးယူမည်ဆိုပါက မိမိတို့လုပ်ကိုင်နေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံ နိုင်မည် ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

စကျင်ကျေးရွာတွင် စက်ဘီးမှာ ကျောင်းသား/သူများသွားလာရေးအတွက် အသုံးပြု၍ မော်တော် ဆိုင်ကယ်မှာ အချို့သောသွားလာရေးကိစ္စနှင့်စီးပွါးရေးကိစ္စတွင် အသုံးပြုကြပါသည်။ စက်ဘီး(၄၅)စီး၊ မောတော် ဆိုင်ကယ်(၂၇၀)စီး၊သုံးဘီးဆိုင်ကယ်(၁)စီးရှိပါသည်။ ထော်လာကျီ(၂)စီး၊

ကား(၁၁)စီးနှင့် နွားလှည်း(၁၉၃)စီးရှိပြီး ရွာ၏သယ်ယူပို့ဆောင်ရေးတွင် အဓိကအသုံးပြုကြ ပါသည်။ စက္ကင်ကျေးရွာမှ မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်းကို အသုံးပြုနိုင်ခြင်းမရှိပါ။ ကျေးရွာတွင်း ကျေးရွာပြင်ပလမ်းများသည် မြေသားလမ်းများ ဖြစ်သည့်အတွက် နွားလှည်းကို အဓိက ထားပြီး အသုံးပြုနေရသောကြောင့် ကုန်စည်များသယ်ယူပို့ဆောင်ရာတွင် နှောင့်နှေးကြွံကြာမှုများ ရှိနေ ပါသည်။

စက္ကင်ကျေးရွာတွင် ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ပါသည်။ မိုးရာသီတွင် သွားလာရ ခက်ခဲခြင်း လမ်းပျက်စီးခြင်းများဖြစ်သည့်အတွက် ကျောက်ချောလမ်းသို့ အဆင့်မြှင့် တင်လိုသောကြောင့် အကူအညီပေးနိုင်မည့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ရန် လိုအပ်နေပါသည်။

(ခ) ကျေးရွာမီးလင်းရေး

စက္ကင်ကျေးရွာတွင် ကျေးရွာသူ/သားသည် ဆိုလာမှ သုံးစွဲသည့် အိမ်ထောင်စု(၂၉၅)စုနှင့် ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက် များကို သုံးစွဲနေရသည့် အိမ်ထောင်စုများ(၅၄)စုရှိပါသည်။ ဆိုလာပြားများသည် မိုးရာသီတွင်အသုံးပြုမရနိုင်ခြင်းများရှိပြီး ထမင်းချက်ပြုတ်ရာတွင် ထင်းမီး ကိုသာ အသုံးပြုနေရသည့်အတွက် မီးဘေးအန္တရာယ် အတွက်လည်း စိုးရိမ်မှုဖြစ်ရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

စက္ကင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များမှာ ဖုန်း(၄၁၇)လုံး၊ ရေဒီယို(၄၇)လုံး၊ တီဗွီ(၉၄)လုံး စသည်တို့ရှိသော်လည်း လူကြီးများသည် ဖုန်းကို စနစ်တကျသုံးစွဲ တတ်ခြင်းမရှိပါ။ ကျေးလက်ဒေသဖြစ်သောကြောင့် သတင်းအချက်လက်များ သိရှိရန်ခက်ခဲပြီး ကျေးရွာ၏အချို့နေရာများတွင် ဖုန်းလိုင်း မမိသည့်အခြေနေများရှိပါသည်။

၆။ ပညာရေး

စက္ကင်ကျေးရွာတွင် စာမတတ်သူဦးရေ မရှိပါ။ ဘွဲ့ရသူဦးရေ (၅၇)ဦးအထိရှိနေပြီဖြစ်သည်။ မူလတန်းအဆင့် ပညာပြီးမြောက်မှုမှာ(၁၀၁၀)ဦး၊ အလယ်တန်းပညာပြီးမြောက်မှုမှာ (၂၄၉)ဦးရှိပြီး

အထက်တန်းပညာပြီးမြောက်မှုတွင် သိသာစွာ လျော့နည်းလာပါသည်။ သို့သော် အထက်တန်းပညာရေး ပြီးမြောက်နှုန်းနှင့် တက္ကသိုလ်ပညာပြီးမြောက်နှုန်းတို့မှာ သိသိသာသာ ကွာခြားသည့် အတွက် အထက်တန်းပညာ ပြီးမြောက်ရေးသည် ပညာရေးပြီးမြောက်မှုအတွက် အဓိကဖြစ်နေပါသည်။

စကျင်ကျေးရွာတွင် ယခုလက်ရှိ ပညာသင်ကြားနေသော လူဦးရေမှာ(၄၀၉)ဦးရှိပြီး အမျိုးသားဦးရေ ပိုများပါသည်။ ကျေးရွာပိုင် အလယ်တန်းကျောင်း(ခွဲ)တွင် ပညာသင်ကြားနိုင်ပြီး နိုးစပ်ရာ မလယ်ကျေးရွာနှင့် ကာဘိုးကျေးရွာများတွင် အထက်တန်းဆင့်များကို ဆက်လက်ပညာသင်ယူနိုင်ပါသည်။ ကျောင်းသားများသည်ကျောင်းဖွင့်ရက်များတွင် စက်ဘီး၊ ဆိုင်ကယ် (သို့မဟုတ်) လမ်းလျှောက် သွားကြပါသည်။ သရက်တာကျေးရွာတွင် ကျောင်းသား/သူဦးရေ များလာသည့် အတွက် ကျောင်းသုံးပရိဘောဂများ မလုံလောက်ပါ။

မူလတန်းအဆင့် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့်ရနေပါသည်။ ကျောင်းအကျိုးတော် ဆောင်အဖွဲ့များလည်း ဖွဲ့စည်းထားမှုမရှိပါ။ ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများလည်း အလုံအလောက် မရှိပါ။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လမ်းမှီမှုမရှိသည့်အတွက် သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ရန် လိုအပ်နေပါသည်။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

စကျင်ကျေးရွာတွင် အဖြစ်များသည့်ရောဂါဟူ၍ မရှိဘဲ ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ တီဗွီ၊ ဆီးချို၊ သွေးတိုးရောဂါများ အနည်းအကျဉ်းသာ ဖြစ်ပွားလျက်ရှိပါသည်။ ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသဖြင့် ကျေးရွာအုပ်စုဆရာမများ ကာကွယ်ဆေးလာရောက်ထိုးပေးရန် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများရှိပါသည်။ အရေးပေါ် အခြေအနေမျိုးဖြစ်လျှင် ကျေးလက်ဆေးပေးခန်းမရှိသဖြင့် တိုက်နယ်ဆေးရုံသို့သွားရောက်ရန် (၁၀/၀)မိုင်ကွာဝေးသဖြင့် ဆေးပေးခန်းလိုအပ်ပါသည်။ ကျေးရွာအတွင်း ဆေးဆိုင်များ သီးသန့် မရှိသော်လည်း ကုန်စုံဆိုင်ငယ်များတွင် အိမ်သုံးဆေးများ ဝယ်ယူရရှိနိုင်ပါသည်။

စကျင်ကျေးရွာတွင် အဝီစိတွင်း/စက်တပ်အသုံးပြုသည့် အိမ်ထောင်စု (၁၅)စု၊ အဝီစိတွင်း/တုံကင်(၂၁၅)စုရှိပြီး သောက်သုံးရေကောင်းမွန်စွာရရှိသော်လည်း နွေရာသီတွင် သောက်သုံးရေအခက်အခဲ ရှိပါသည်။

စကျင်ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲသည့် အိမ်ထောင်စု(၂၂၁)စု ရှိပြီး အိမ်သာမရှိသည့်အိမ်ထောင်စု(၁၃၃)စုရှိပါသည်။ ထို့ကြောင့်ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရန် ကျန်းမာရေးဟောပြောပွဲများပြုလုပ်ရန်လိုအပ်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

စကျင်ကျေးရွာတွင် ရေကြီးခြင်းများ နည်းပါး ပါသည်။ ယခုလက်ရှိအချိန်ထိ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းမရှိပါ။ အကယ်၍ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများမထားရှိပါ။သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးများနှင့် ဘေးအန္တရာယ်များအတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်လိုအပ်ပါသည်။ ထိုမှသာ ကျေးရွာသူ/သားများသည် ကောင်းကျိုး/ဆိုးကျိုးများကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင် လာမည်ဖြစ်ပါသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

စကျင်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့်အမျိုးသားဦးရေမှာ အမျိုးသမီးဦးရေက ပိုများနေပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင်နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် ပိုမိုတိုးတက်လာနိုင်ခြေရှိပါသည်။ ထိုနည်းတူစွာ ကျေးရွာတွင် အမျိုးသမီးများ၏ တစ်နေ့နည်းဆုံး လုပ်အားခသည် (၄၀၀၀/-)ဖြစ်ပြီး အမျိုးသားများ၏ တစ်နေ့အနည်းဆုံးလုပ်အားခသည် (၅၀၀၀/-)ဖြစ်ပါသည်။ ထိုမတူညီသောလုပ်အားခများက အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီး များ၏ စိတ်ဓာတ်အရည်အသွေးကို မြှင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန်ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင် မရှိသဖြင့် ပညာပေးသင်တန်းများ ဟောပြောပွဲများ ပြုလုပ်ရန်လိုအပ် နေပါသည်။

ယူဉ်းရေဆိုင်ရာအချက်အလက်များ:
ဇယား (၁) လူဉ်းရေနှင့် လူဉ်းရေဆိုင်ရာအချက်အလက်များ:

အသက်အုပ်စု		ကျား:	မ	စုစုပေါင်း:
၁ နှစ် အောက်	နို့စို့အရွယ်	၁၁	၉	၂၀
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၄၅	၄၇	၉၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၉	၅၄	၁၂၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၇၆	၉၉	၁၇၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၅၆၂	၆၂၃	၁၁၈၅
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂၉	၄၅	၇၄
စုစုပေါင်း:		၇၉၂	၈၇၇	၁၆၆၉
စုစုပေါင်း အိမ်ထောင်စု		၄၅၄		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စုစာရင်းဝင်တွေ့ရှိချက်အရ အိမ်ထောင်ဦးရေ (၃၅၄)အိမ်စာရင်းဝင်ဖြစ်ပါသည်။ လူဉ်းရေ စာရင်းတွေ့ရှိချက်အရ (၁)နှစ်အောက်နှင့်(၆၅)နှစ်အထက် လူဉ်းရေစာရင်း(၁၆၆၉)ယောက်တို့ ကောက်ယူတွေ့ရှိရပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား:	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၆၄၂	သင့်	မရ	မိုးကောင်း
ယာမြေ	၅၁၇၆	သင့်	မရ	မိုးကောင်း
ဥယျာဉ်ခြံမြေ	၇	သင့်	မရ	မိုးကောင်း
အိမ်ခြံဝင်း စိုက်ခင်း	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	-	-	-	-
သစ်တောမြေ	-	-	-	-
စုစုပေါင်း	၅၈၂၅			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား:-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။စိုက်ပျိုးမြေများအတွက် မိုးရေကိုသာ အဓိကထားပြီး အသုံးပြုရပါသည်။ မြေအောက်ရေမှာ ရေငံ/ရေခါးများသာ များသောကြောင့် စိုက်ပျိုးမှုအတွက် အဆင်မပြေပါ။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရှိရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	-	-
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည်	-	-
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	သင့်	လွယ်
ပျမ်းမျအပူချိန် -၃၂°C	ပျမ်းမျ မိုးရေချိန် - ၃၀	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။လူ၊ တိရစ္ဆာန်တို့အတွက် အသုံးဝင်သော အပင်မျိုးစိတ်များ အသင့်အတင့်ရှိသော်လည်း မိုးရွာမှသာလျှင် လုံလုံလောက်လောက်ရရှိပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့ဝ်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့)ဆိုင်မာတောင့်တင်းမှု ဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	အရံမီးသတ် တပ်ဖွဲ့	၁☐ ၂■ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး■	စွမ်းဆောင်ရည်မရှိအဖွဲ့အစည်းအား နည်းခြင်း
၂	ကျေးရွာဖွံ့ဖြိုး ရေး အဖွဲ့	၁■ ၂☐ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■ လုံခြုံရေးနှင့် ကာကွယ်ရေး☐	စွမ်းဆောင်ရည်ရှိ အဖွဲ့အစည်းအား နည်း
၃	ပညာရေး ကော်မတီအဖွဲ့	၁☐ ၂■ ၃☐	ပညာရေး ■ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	စွမ်းဆောင်ရည်ရှိ အဖွဲ့အစည်းအား နည်း
၄	ဓမ္မစကူးလ် ဖောင်ဒေးရှင်း အဖွဲ့	၁■ ၂☐ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး■ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	စွမ်းဆောင်ရည်ရှိ အဖွဲ့အစည်းအား နည်း
၅	လူမှုကူညီရေး အသင်း	၁■ ၂☐ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး■ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	စွမ်းဆောင်ရည်ရှိ အဖွဲ့အစည်းအား နည်း

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနှည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့)မိုင်မာတောင့်တင်းမှု ဆိုင်ရာရှင်းလင်းဖော်ပြချက်
၆	စာကြည့်တိုက် အဖွဲ့	၁□၂□ ၃■	ပညာရေး■ ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	စွမ်းဆောင်ရည်ရှိ အဖွဲ့အစည်းအားနည်း
၇	သက်ကြီးပူဇော် ဖြစ်မြောက်ရေး အဖွဲ့	၁ ■ ၂□ ၃□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး■ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး■ လုံခြုံရေးနှင့် ကာကွယ်ရေး□	စွမ်းဆောင်ရည်ရှိ အဖွဲ့အစည်းအားနည်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။လယ်သမားများအဖွဲ့အစည်းသည် ဌေစုဌေချေးမရှိသောကြောင့် လုပ်ကိုင်ရာအခက်အခဲများတွေ့ရှိသည်။ လူမှုအဖွဲ့အစည်းများစွာရှိကြောင်း တွေ့ရှိပါသည်။ ဘာသာရေးကို လေ့လာကိုင်းရှိုင်းမှု အစဉ်တစိုက် ကိုးကွယ်ကြောင်းတွေ့ရှိပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၃၉	၃၆	၂၃	၁၅၆
အိမ်အခြေအနေ	သင့်	သင့်	ညံ့	ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	-	-	-	-
အဓိကစီးပွားရေး လုပ်ငန်း	တောင်သူ	တောင်သူ	တောင်သူ	တောင်သူ
အိမ်ထောင်စု	၁၃၉	၃၆	၂၃	၁၅၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။အဆင်ပြေသော အိမ်ထောင်စုထက် အဆင်မပြေသောအိမ်ထောင်စု ပိုမိုများပြားသောကြောင့် မိုးခေါင်ခြင်း သီးနှံဈေးပျက်ခြင်းစသော နှစ်များတွင် စားဝတ်နေရေးခက်ခဲခြင်း လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးများအတွက် အခက်အခဲဖြစ်စေပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်ဝပ်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၅၆		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၈		ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၁၅		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၃၆		အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၁၃၉		တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၃၅၄		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစိမ်းခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။မြေယာမဲ့အိမ်ထောင်ဦးရေ (၁၅၆)အိမ်နှင့်(၂.၅)ဧက အောက် အိမ်ထောင်စုအစု၊ (၂.၅)ဧကမှ (၅)ဧကအထိ အိမ်ထောင်စု (၁၅)စု (၅)ဧကမှ (၁၂.၅)ဧကကြား အိမ်ထောင်စု ဦးရေ (၃၆)စုနှင့်(၁၂.၅)ဧကအထက် အိမ်ထောင်ဦးရေ(၁၃၉)အိမ် စုစုပေါင်း ဦးရေ(၃၅၄)အိမ်တို့ ကောက်ခံတွေ့ရှိပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်းမျှ	
စပါး	၆၄၂		၃၀	၆၀	၅၀	နည်း
ပဲစင်းငုံ			၁၀	၂၀	၁၅	သင့်
ကြံ			၁၀	၂၀	၁၅	သင့်
မြေပဲ			၂၀	၄၀	၃၀	သင့်
ပြောင်း			၃၀	၆၀	၄၀	သင့်
နှမ်း			၁၀	၂၀	၁၅	သင့်
ပဲတီစိမ်း			၁၀	၂၀	၁၅	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စပါးစိုက်ဧက (၆၄၂)ကရှိသည့်အနက် (၁)ဧကအထွက်နှုန်းမှာ အနည်းဆုံးပျမ်းမျှ(၅၀%)၊ ပဲစင်းငုံ(၁)ဧက အထွက်နှုန်းမှာ ပျမ်းမျှ(၁၅)တင်း၊ ကြံ (၁)ဧကပျမ်းမျှ (၁၅)တန်၊ မြေပဲ(၁)ဧက ပျမ်းမျှ(၃၀)တင်း၊ ပြောင်း(၁)ဧက ပျမ်းမျှ (၄၀)တင်း၊ နှမ်း(၁)ဧက ပျမ်းမျှ (၁၅)တင်းနှင့်ပဲတီစိမ်း(၁)ဧကအထွက်နှုန်း ပျမ်းမျှ(၁၅)တင်း တို့ကို လေ့လာတွေ့ရှိပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	မရှိ	၁၃၉၃
နို့စားနွား	-	-
ကျွဲ	-	၁၆၈
မြင်း	-	၁၁
မြည်း	-	-
လား	-	-
ဆိတ်	-	၅၅
သိုး	-	-
ဝက်	-	၂၇၄
ကြက်	-	၂၅၇၁
ဘဲ	-	၁၄
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော အိမ်ထောင်စု ဦးရေမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း	မရှိ	မရှိ	မရှိ	နိမ့်
၂	ထုတ်ကုန်လုပ်ငန်း	-	-	-	-
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၁	၅	-	လတ်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	မရှိ	မရှိ	မရှိ	နိမ့်
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	-	-	-	-

၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	၇	မရှိ	မရှိ	လတ်
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း	မရှိ	-	-	နိမ့်
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	-	-	-	-
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)	-	-	-	-
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	-
၁၂	ပညာရေး	အ.လ.က (ခွဲ)	၁၃	၃	လတ်
၁၃	ကျန်းမာရေး	မရှိ	မရှိ	မရှိ	နိမ့်
၁၄	လူမှုရေး လုပ်ငန်းများ	ရှိ	ရှိ	ရှိ	လတ်
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက် ဖော်ပြပါလုပ်ငန်းများမှအပ)	မရှိ	မရှိ	မရှိ	နိမ့်
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လူမှုရေးဆိုင်ရာနှင့်ပညာရေး၊ ဘာသာရေး၊ အခြေခံလုပ်ငန်းလုပ်ကိုင်ခြင်းကို တွေ့ရှိပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	ဇီးကုန်းမြို့	ရွှေဘိုမြို့
ရွာမှအကွာအဝေး: (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ■	၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ■ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် ☐
သယ်ယူပို့ဆောင်ရေးနည်းလမ်း:	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ်☐ ကား/ထော်လာကျိ ■ ရထား ☐ သုံးဘီးဆိုင်ကယ်☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျိ■ ရထား☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာမှ ထွက်သော ကုန်စည်များကို ဇီးကုန်းမြို့နှင့်ရွှေဘိုဈေးကွက်များတွင်သာ အဓိက ဆက်သွယ်ရောင်းချပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁■ ၂□ ၃□ ၄□ ၅□	ကောင်း□ သင့်■ ညံ့ □	ပွင့်လင်း ရာသီ■ တစ်နှစ်ပတ်လုံး□	၀-၁ မိုင် □ ၁-၅ မိုင် ■ ၅-၁၀ မိုင်□ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁■ ၂□၃□ ၄□၅□	ကောင်း□ သင့်□ ညံ့ ■	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး■	၀-၁ မိုင်□ ၁-၅ မိုင် ■ ၅-၁၀ မိုင်□ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁■ ၂□၃□ ၄□၅□	ကောင်း□ သင့်□ ညံ့ ■	ပွင့်လင်း ရာသီ □ တစ်နှစ်ပတ်လုံး■	၀-၁ မိုင်□ ၁-၅ မိုင် ■ ၅-၁၀ မိုင်□ ၁၀မိုင်အထက်□

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅ လေ့လာတွေ့ရှိချက်။ ။ရွာတွင်းလမ်း၊ ကျေးရွာချင်းဆက်လမ်းချဉ်းကပ်လမ်းစသော လမ်းအားလုံးသည် မြေသားလမ်းများသာဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရအလွန်ခက်ခဲပါသည်။

(၅.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါအကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ ■	ပွင့်လင်းရာသီ□တစ်နှစ်ပတ်လုံး□
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင်□ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ ■	ပွင့်လင်းရာသီ□ တစ်နှစ်ပတ်လုံး□

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရေကြောင်းလမ်းမရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ပာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-	၄၅	၂၇၀	၁	၂ -	၁၁	-	၁၉၃

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။
လေ့လာတွေ့ရှိချက်။ ။သယ်ယူပို့ဆောင်ရေးယာဉ်များသည်ကျေးရွာလူဦးရေနှင့်တွက်လျှင် အသင့်အတင့်လုံလောက်မှု ရှိပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	-
ဆိုလာစနစ်	၂၉၅
အသေးစားရေအားလျှပ်စစ်	-
နှီဖယ်သုံးအင်ဂျင်	-
လေစွမ်းအင်	-
နီဝလောင်စာ	-
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	-
လျှပ်စစ်မီး အသုံးမပြုနိုင်သော	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
လေ့လာတွေ့ရှိချက်။ ။အိမ်သုံးဆိုလာစနစ်အသုံးပြုသော်လည်း အိမ်ထောင်စုအားလုံးအသုံးမပြုနိုင်သည်ကို တွေ့ရှိရပါသည်။ ဆိုလာအသုံးမပြုနိုင်သော အိမ်များမှာ ဖယောင်းတိုင်ကိုသာ အသုံးပြုရသဖြင့် မီးအေးအန္တရာယ်စိုးရိမ်ရခြင်း၊ ကျောင်းသား/သူများ စာကျက်ရန်ခက်ခဲမှုများဖြစ်ပေါ်နေကြောင်း တွေ့ရှိပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၄၁၇	၄၇	၉၄

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။
လေ့လာတွေ့ရှိချက်။ ။လျှပ်စစ်မီးမရရှိသဖြင့် တီဗွီမရှိသူသာများပြားသဖြင့် သတင်းနှင့်နည်းပညာရရှိမှု အခြေအနေလွန်စွာ အားနည်းပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၆၄	၆၂	၁၂၆
အလယ်တန်း	၆၇	၇၂	၁၃၉
အထက်တန်း	၁၃	၃၄	၈၇
တက္ကသိုလ်/ကောလိပ်	၂၄	၃၃	၁၇

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။
မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို

အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ခြင်းဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။အထက်တန်းကျောင်းသားဦးရေများပြားသော်လည်း ကျေးရွာတွင် အထက်တန်းကျောင်း မရှိဘဲ အ.လ.က(ခွဲ)သာ ရှိသောကြောင့် ကျောင်းတက်ရန် ခက်ခဲသဖြင့် ရှိသင့်တဲ့ အထက်တန်းကောင်းသားနည်းပါးကြောင်း တွေ့ရှိပါသည်။

(၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)			(၂)			(၃)		
က။ ကျောင်းအဆင့်	မူလတန်း ☐ မူလွှန် ☐ အလယ်တန်း(ခွဲ) ■ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐			မူလတန်း ☐ မူလွှန် ☐ အလယ်တန်း(ခွဲ) ■ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐			မူလတန်း ☐ မူလွှန် ☐ အလယ်တန်း(ခွဲ) ■ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐		
ခ။ရွာမှအကွာအဝေး(မိုင်)	၀ မှ ၁ မိုင် ■ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ■ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ■ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐		
ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ■ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ■ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ■ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၁၂၀' × ၃၆'								
င။အမိုးနံရံ၊အခင်း အရည်အသွေး	ကောင်း☐ သင့် ■ ညံ့☐			ကောင်း☐ သင့် ■ ညံ့☐			ကောင်း☐ သင့် ■ ညံ့☐		
စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု	လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ■			လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ■			လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ■		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် ■ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ■ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ■ ညံ့ ☐ မရှိ ☐		
ဈ။ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ■			တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ■			တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ■		
ဇ။ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	၁	၁၂	၁၃						
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျောင်းဆောင်နှင့်ကျောင်းသားဦးရေမမျှတကြောင်း လေ့လာတွေ့ရှိပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံနှံမှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောက	မြင့် ☐	နိမ့် ■	မရှိ ☐
၂	သွေးလွန်တုပ်ကွေး	မြင့် ■	နိမ့် ☐	မရှိ ☐
၃	ငှက်ဖျား	မြင့် ☐	နိမ့် ■	မရှိ ☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့် ☐	နိမ့် ■	မရှိ ☐
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့် ☐	နိမ့် ■	မရှိ ☐

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၆	တီဘီ	မြင့်☐	နိမ့် ■	မရှိ☐
၇	ဆီးချို	မြင့်☐	နိမ့် ■	မရှိ☐
၈	သွေးတိုး	မြင့်☐	နိမ့် ■	မရှိ☐
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်☐	နိမ့် ■	မရှိ☐
၁၀	အာဟာရ ချို့တဲ့မှု	မြင့်☐	နိမ့်☐	မရှိ■
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်☐	နိမ့် ■	မရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျန်းမာရေးနှင့်ပတ်သက်ပြီး ဖော်ပြပါရောဂါများအနည်းငယ်တွေ့ရှိပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	✓	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓	
၃	ပိုလီယိုရောဂါ	✓	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✓	
၅	ဝက်သက်ရောဂါ	✓	
၆	အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု	✓	
၇	အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)		✓
၈	အာဟာရပညာပေး အစီအစဉ်	✓	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက်အရ ကျေးရွာအုပ်စုဆရာမများ လာရောက်၍ ကာကွယ်ဆေးထိုးနှံမှု ခက်ခဲကြောင်း လေ့လာတွေ့ရှိရပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ■ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	ရှိ ☐ မရှိ ■
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင်☐ ၁၀ မိုင်အထက် ■	ရှိ ☐ မရှိ ■
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ■	ရှိ ☐ မရှိ ■

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျန်းမာရေးဆေးပေးခန်းနှင့် ဆရာ၊ဆရာမ မရှိသောကြောင့် ကျန်းမာရေးအထောက်အပံ့များ ဝန်ဆောင်မှုများ မရရှိပါ။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း		ကောင်း☐ သင့်■ ညံ့☐	မိုး
အဝိစိတွင်း/ စက်တပ်		ကောင်း☐ သင့်■ ညံ့☐	မိုး၊ဆောင်း၊နွေ လုံလောက်မှုရှိ
အဝိစိတွင်း/ တုံကင်		ကောင်း☐ သင့်■ ညံ့☐	မိုး၊ဆောင်း၊နွေ လုံလောက်မှုရှိ
မိုးရေ သိုလှောင်ကန်		ကောင်း☐ သင့်■ ညံ့☐	မိုး
မြစ်/ချောင်းရေ		ကောင်း☐ သင့်☐ ညံ့☐	
ရေကန်		ကောင်း☐ သင့်☐ ညံ့☐	
စိမ့်စမ်းရေ		ကောင်း☐ သင့်☐ ညံ့☐	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယ်ဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိရေတွင်းအများစုမှာ ရေငံနှင့်ရေခါးကိုသာ ထွက်ရှိသောကြောင့် နွေရာသီတွင် သောက်သုံးရေအခက်အခဲရှိပါသည်။

(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	-
ရေလောင်း/ယင်လုံအိမ်သာ	၂၂၁
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	-
တွင်းမရှိ အိမ်သာ	-
အိမ်သာမရှိ	၁၃၃

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။အိမ်သာမရှိသော အိမ်ထောင်စုများပြားကြောင်း တွေ့ရှိရ၍ ကျန်းမာရေးအတွက် အလွန်စိုးရိမ်စရာ ကောင်းပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မပူလုံမှု	မရှိ
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ရိုက်ပျိုးရေ)	မရှိ
၃	ရေကြီးခြင်း	မရှိ
၄	မိုးခေါင်ခြင်း	ရှိ
၅	အအေးလွန်ကဲခြင်း	မရှိ
၆	မုန်တိုင်း	မရှိ

စဉ်	သားသန္တရာယ် အမျိုးအစား	သန္တရာယ်ရှိနိုင်မှုအဖြေအနေရှာဖွေးလေ့လာဖော်ပြချက်
၇	လျှင်	မရှိ
၈	မီးသော	ရှိ
၉	ဆားငန်ရောင်မြေ	မရှိ
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ယိုက်ယွင်းမှု	မရှိ
၁၁	သစ်တောပြုန်းတီးခြင်း	ရှိ
၁၂	၄ကမ်းရောဂါ	မရှိ
၁၃	တီဘီရောဂါ	ရှိ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	ရှိ
၁၇	လူကုန်ကူးခြင်း	မရှိ
၁၈	လေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ဓက်ခံ စသည်	မရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မိုးခေါင်ရေရှားခြင်းဖြစ်သဖြင့်တောင်သူလယ်သမားများ နိုက်ပျိုးမှုဓက်ခံကြောင်း လေ့လာတွေ့ရှိပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအဖြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအဖြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိုမှ်/လတ်/မြင့်၀၀)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီညစ်အဖြေအနေ	လတ်	သင့်
အပင်မျိုးစိတ်များ	လတ်	သင့်
ရေအရင်းအမြစ်	လတ်	သင့်
ငါးမျိုးကွဲများ	နိမ့်	မရှိ
အခြားတိရစ္ဆာန်မျိုးကွဲများ	နိမ့်	မရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် နိုက်ပျိုးမြေအမျိုးအစားမှာ အလယ်အလတ်ရှိကြောင်း တွေ့ရှိရပါသည်။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးဆေရေးအတွက် အမျိုးသမီးများ၏ ရွမ်းဆောင်ရည်ဖြင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက် သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ□	မရှိ ■
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ ■	မရှိ□

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွပါဝင်မှုမရှိ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ကြောင်း သိရှိရပါသည်။

စကျင်ကျေးရွာဖွံ့ဖြိုးရေးကွင်းဆင်းစဉ်းား (ပြဿနာများအား ဆန်းစစ်လေ့လာခြင်းနှင့် ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းနည်းဆီသို့)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့်စိန်ခေါ်မှုများ	ဖြေရှင်းရမည့်နည်းလမ်း	အဆိုပြုစီမံကိန်း
၁	-ကျေးရွာတွင်းလမ်းမိုးရာသီတွင်	-မြေသားလမ်းဖြစ်နေရခြင်း	-သဲ၊ကျောက်ရရှိရန်လွယ်ကူခြင်း	-ငွေကြေးမလုံလောက်ခြင်း၊	-ကျေးရွာမှ ရန်ပုံငွေထည့်ဝင်ခြင်း	-ကျေးရွာတွင်းလမ်းကျောက်ခြော
	သွားလာရေးခက်ခဲခြင်း			-နည်းပညာအားနည်းခြင်း	-လုပ်အားပေးခြင်း	လမ်းခင်းခြင်း
					-သက်ဆိုင်ရာဌာနသို့ ချိတ်ဆက်	
					အကူအညီတောင်းခံခြင်း	
၂	-ဆေးပေးခန်းမရှိသောကြောင့်	-ကျေးလက်ဆေးပေးခန်း	-ရွာသူ/သားများစိတ်အား	-ငွေကြေးမလုံလောက်ခြင်း	-ကျေးရွာမှ ရန်ပုံငွေထည့်ဝင်ခြင်း	-ကျေးလက်ဆေးပေးခန်း
	ကျေးရွာသူ/သားများ ဖျားနာလျှင်	မရှိခြင်း	ထက်သန်စွာပါဝင်နိုင်ခြင်း၊		-သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်	တည်ဆောက်ခြင်း
	အချိန်နှင့်တပြေးညီဆေးကုသမှု				အကူအညီတောင်းခံခြင်း	
	ခံယူရန်ခက်ခဲခြင်း					
၃	-ကျောင်းခြံစည်းရိုးမလုံသည့်အတွက်	-ကျောင်းခြံစည်းရိုး အုတ်	-ရွာသူ/သားများစိတ်အား	-ငွေကြေးမလုံလောက်ခြင်း	-ကျေးရွာမှ ရန်ပုံငွေထည့်ဝင်ခြင်း	-ကျောင်းခြံစည်းရိုးအုတ်တံတိုင်း
	ကလေးများထိန်းသိမ်းစောင့်ရှောက်ရန်	တံတိုင်းလုပ်ခြင်းနှင့်စာသင်	ထက်သန်စွာပါဝင်နိုင်ခြင်း၊		-သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်	ပြုလုပ်ခြင်းနှင့်စာသင်ခုံများ
	အခက်အခဲရှိခြင်း	ခုံများပြုလုပ်ခြင်း			အကူအညီတောင်းခံခြင်း	ပြုလုပ်ခြင်း

ပုံစံ (၁)

နောက်ဆက်တွဲ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ ကျေးရွာအုပ်စု မြို့နယ် တိုင်းဒေသကြီး / ပြည်နယ်	- စကျင် - မြေမွန် - ကန့်ဘလူမြို့နယ် - စစ်ကိုင်းတိုင်းဒေသကြီး

စီမံချက်အမည် - ရွာတွင်းလမ်းကျောက်ချောခင်းခြင်း(၁၇၀၀'×၁၂'× ၆"(ကျင်း ၃"))

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ
ကန့်ဘလူမြို့နယ်၊ စကျင်ကျေးရွာသည် လက်ရှိအခြေအနေအရ ကျေးရွာတွင်းလမ်းများ သည် မြေသားလမ်းများဖြစ်ပြီး မိုးရာသီတွင် ရွံ့၊ဗွက်များ ရှိနေသောကြောင့် အလွန်ဆိုးရွားလျက်ရှိပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်)
ကန့်ဘလူမြို့နယ်၊ စကျင်ကျေးရွာသည် လက်ရှိမြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အသုံးပြုလိုပါသည်။

မျှော်မှန်း အကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)
ကန့်ဘလူမြို့နယ်၊ စကျင်ကျေးရွာအား စီမံချက်ဖြင့် လုပ်ငန်းဆောင်ရွက်ပြီးပါက ရာသီမရွေး သွားလာနိုင်ပြီးဖြစ်ပြီး ဆက်သွယ်ရေးလွယ်ကူလာမည်ဖြစ်ပါသည်။ ရွာတွင်းလမ်းကောင်းမွန်လာပါက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများ တိုးတက်ကောင်းမွန်လျက် အများပြည်သူများ ရာသီမရွေး အေးချမ်းစွာ သွားလာနိုင်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်)
ရွာတွင်းလမ်းကျောက်ချောခင်းခြင်း(၁၇၀၀'×၁၂'× ၆"(ကျင်း ၃"))။

ကုန်ကျစရိတ်ထည့်ဝင်မှု ကျေးလက်ဦးစီး(၁၀၀)သိန်း၊ပြည်သူ(၅၀)သိန်း၊စုစုပေါင်း(၁၅၀)သိန်း

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀ (ငွေသား) • ၅၀၀၀၀၀၀ (ငွေသား) • xxxxxxxxxx (ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ဆင်း
ကျေးရွာအဆင့်	၉၃၆	၁၀၇၁	၂၀၀၇	၅၀	၁၄၅	၁၁၅	၅၀	၃၆၀
အကျိုးခံစားမည့် ဦးရေ	၉၃၆	၁၀၇၁	၂၀၀၇	၅၀	၁၄၅	၁၁၅	၅၀	၃၆၀
မှတ်ချက်။ ချောင်လည်အဆင့်–၁၊ အလယ်အလတ်အဆင့်– ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

မြို့နယ်ကျေးလက်၊ကျေးရွာကော်မတီများနှင့်အသခံပြည်သူများ။

(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) -၂၅-၁-၂၀၁၉

(၃) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
ကျောက်ချောလမ်းဖြစ်လာရေးအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများ ရရှိအောင် ဆောင်ရွက်ပါမည်။ ငွေကြေးထည့်ဝင်မှုများ ဆောင်ရွက်ပါမည်။

(၄) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ
ကျေးရွာလူထုအစည်းအဝေးခေါ်ယူပြီးနောက် ကျေးရွာ၏ လိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များပြုလုပ်ပါမည်။ကျောက်ချောလမ်းမယျက်စီးရေးအတွက် စည်းမျဉ်းစည်းကမ်းများနှင့်ညွှန်ကြားချက်များ ထုတ်ပြန်ပါမည်။

ပုံစံ (၁) နောက်ဆက်တွဲ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ ကျေးရွာအုပ်စု မြို့နယ် တိုင်းဒေသကြီး / ပြည်နယ်	- စကျင် - မြေမွန် - ကန့်ဘလူမြို့နယ် - စစ်ကိုင်းတိုင်းဒေသကြီး
စီမံချက်အမည် - ကျောင်းခြံစည်းရိုးခတ်ရန်	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကန့်ဘလူမြို့နယ်၊ စကျင်ကျေးရွာသည် အ.လ.က(ခွဲ)ကျောင်းခြံစည်းရိုးမရှိသဖြင့် ကျောင်းလုံခြုံမှု မရှိသဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန် ခက်ခဲလျက်ရှိပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) ကန့်ဘလူမြို့နယ်၊ စကျင်ကျေးရွာသည် ကျောင်းခြံစည်းရိုးအား အုတ်တံတိုင်းကာရန်	
မျှော်မှန်း အကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) ကန့်ဘလူမြို့နယ်၊ စကျင်ကျေးရွာအား စီမံချက်ဖြင့် ခြံစည်းရိုးလုံခြုံပါက ကလေးများအန္တရာယ်ကင်းစွာ စာသင်နိုင်ပြီး ကျောင်းတော်ကြီး ရေရှည်တည်တံ့ ကောင်းမွန်ရန် ဒီထက်မက ဆောင်ရွက်နိုင်ပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) ကျောင်းခြံစည်းရိုးအား အုတ်တံတိုင်းကာရန်၊	
ကုန်ကျစရိတ်ထည့်ဝင်မှု ကျေးလက်ဦးစီး( )သိန်း၊ပြည်သူ()သိန်း၊စုစုပေါင်း()သိန်း	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• xxxxxxxxxx (ငွေသား) • xxxxxxxxxx (ငွေသား) • xxxxxxxxxx (ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၉၃၆	၁၀၇၁	၂၀၀၇	၅၀	၁၄၅	၁၁၅	၅၀	၃၆၀
အကျိုးခံစားမည့် ဦးရေ	၉၃၆	၁၀၇၁	၂၀၀၇	၅၀	၁၄၅	၁၁၅	၅၀	၃၆၀

မှတ်ချက်။ ချောင်လည်အဆင့်–၁၊ အလယ်အလတ်အဆင့်– ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

မြို့နယ်ကျေးလက်၊ကျေးရွာကော်မတီများနှင့်ဒေသခံပြည်သူများ။

(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) -

(၃) စီမံချက် ပြီးစီးမည့်အချိန်-

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
ကျေးရွာမှ လိုအပ်သော ငွေကြေးပမာဏကို ရွာသူ/သားများအား စည်းရုံးကောက်ခံဆောင်ရွက်သွားပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ
ကျေးရွာလူထုအစည်းအဝေးခေါ်ယူပြီးနောက် ဆေးခန်းအဆောက်အဦအတွက် လိုအပ်ချက်များကို တိုင်ပင်နှီးနှော၍ အစီအစဉ်များရေးဆွဲပါမည်။ ဆေးခန်းရေရှည်တည်တံ့ရန်အတွက် ဖြည့်ဆည်းမှုများ ပြုလုပ်ပါမည်။ စီမံကိန်းပြီးစီးအောင်မြင်ပါက သက်ဆိုင်ရာဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီးကြောင်း အစီရင်ခံပါမည်။

နောက်ဆက်တွဲ

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ ကျေးရွာအုပ်စု မြို့နယ် တိုင်းဒေသကြီး / ပြည်နယ်	- စကျင် - မြေမွန် - ကန့်ဘလူမြို့နယ် - စစ်ကိုင်းတိုင်းဒေသကြီး
စီမံချက်အမည် - ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ရန်	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကန့်ဘလူမြို့နယ်၊ စကျင်ကျေးရွာသည် လက်ရှိအခြေအနေအရ ကျန်းမာရေးဆေးပေးခန်းနှင့်ဆရာ၊ ဆရာမ မရှိသောကြောင့် ကျေးရွာသူ/သားများသည် ကျန်းမာရေးအတွက် အလွန်ခက်ခဲလျက်ရှိပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) ကန့်ဘလူမြို့နယ်၊ စကျင်ကျေးရွာသည် ကျန်းမာရေးဆေးပေးခန်းတည်ဆောက်၍ ဖျားနာမှုများအတွက် လွယ်လင့်တကူ ဆေးကုသမှု ခံယူနိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများအား တင်ပြဆောင်ရွက်ပါမည်။	
မျှော်မှန်း အကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) ကန့်ဘလူမြို့နယ်၊ စကျင်ကျေးရွာအား စီမံချက်ဖြင့် လုပ်ငန်းဆောင်ရွက်ပြီးပါက လျှင်မြန်စွာ ဆေးကုသမှုခံယူနိုင်၍ ကျန်းမာပျော်ရွှင်စွာ ရပ်ရွာအကျိုး၊ နိုင်ငံအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) ကျေးလက်ဆေးပေးခန်းအဆောက်အဦတည်ဆောက်ရန် ၊	
ကုန်ကျစရိတ်ထည့်ဝင်မှု ကျေးလက်ဦးစီး( )သိန်း၊ပြည်သူ( )သိန်း၊စုစုပေါင်း( )သိန်း	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• xxxxxxxxxx (ငွေသား) • xxxxxxxxxx (ငွေသား) • xxxxxxxxxx (ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၉၃၆	၁၀၇၁	၂၀၀၇	၅၀	၁၄၅	၁၁၅	၅၀	၃၆၀
အကျိုးခံစားမည့် ဦးရေ	၉၃၆	၁၀၇၁	၂၀၀၇	၅၀	၁၄၅	၁၁၅	၅၀	၃၆၀
မှတ်ချက်။ ချောင်လည်အဆင့်–၁၊ အလယ်အလတ်အဆင့်– ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) မြို့နယ်ကျေးလက်၊ကျေးရွာကော်မတီများနှင့်ဒေသခံပြည်သူများ။
(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) -
(၃) စီမံချက် ပြီးစီးမည့်အချိန် -
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် ကျေးရွာမှ လိုအပ်သော ငွေကြေးပမာဏကို ရွာသူ/သားများအား စည်းရုံးကောက်ခံဆောင်ရွက်သွားပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် သက်ဝင်ဆိုင်ရာကော်မတီအဖွဲ့အစည်းများမှ အစီအစဉ်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီးလျှင် အမြဲမပြတ်လိုအပ်သလို ပြုပြင် ဆောင်ရွက်သွားပါမည်။